

ဝေခွဲမရဖြစ်တဲ့အခါ
Warren Buffett ရဲ့
လက်စွဲအတွေးအခေါ်ကို
သတိရပါ

*'ကျွန်တော်ကတော့
ဝန်ထမ်းတွေကို ကိုယ့်ကိုယ်ကို
ပြန်မေးပါလို့ ပြောချင်တယ်။
ကြိုတင်စဉ်းစားပြီးကျူးလွန်တဲ့
အမှုတစ်ခုကို ခပ်ထက်ထက်
သတင်းထောက်
တစ်ယောက်က ရေးပြီး
သတင်းစာမျက်နှာဖုံးမှာ
တက်လာလို့
ကိုယ့်အိမ်ထောင်ဖက်၊
ကလေးတွေနဲ့ သူငယ်ချင်းတွေ
ဖတ်မိတာမျိုးကို လိုချင်လားလို့'*

## CTB ၏ အဓိကတန်ဖိုးများ

အလုံးစုံအတွက် ရိုးသားမှု
အမြတ်အစွန်း ရရှိရေးသည် အခြေခံ
ပြောင်းလဲမှု ဖော်ဆောင်သည်မှာ လူတို့သာ
ကျွန်ုပ်တို့တည် ရှိနေတာ အလုပ်ရှင်များ အတွက်ပါ
ဝန်ဆောင်မှုတိုင်းသည် အထူး အဆင့်မြင့်ရမည်

### တရားနည်းလမ်းမကျ၊ ကျင့်ဝတ်နှင့် မညီသော လုပ်ကိုင်မှုများကို တိုင်ကြားရန် နည်းလမ်းများ

၁။ သင့်အထက်အရာရှိ သို့မဟုတ် စီမံခန့်ခွဲရေး ဝန်ထမ်းတစ်ဦးဖြင့် ပြောဆိုပါ။

၂။ ဖုန်းနံပါတ် ၅၇၄-၆၅၈-၄၁၉၁ ကိုခေါ်ဆို၍ CTB မှ ဝန်ထမ်းရေးရာညွှန်ကြားရေးမှူး သို့မဟုတ် ဥပဒေဌာနနှင့် ပြောဆိုပါ။ ဥပဒေဌာနအား အီးမေလ်းလိပ်စာ legal@ctbinc.com ဖြင့်လည်း ဆက်သွယ်နိုင်ပါသည်။

၃။ အထက်ပါနည်းလမ်းများဖြင့် တင်ပြရန် အခက်အခဲရှိပါက ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်ရန် ဖုန်းအမှတ် ၈၀၀-၂၆၁-၈၆၅၁ (အမေရိကန်နှင့်ကနေဒါ) သို့မဟုတ် +၀၀၁ ၇၀၄ ၇၅၂ ၉၆၇၉ (အခြားနိုင်ငံများ) သို့ ဆက်သွယ်နိုင်ပြီး www.brk-hotline.com တွင်လည်း ဝင်ရောက် ဆက်သွယ်နိုင်ပါသည်။

**CTB, INC.**
A Berkshire Hathaway Company
611 North Higbee Street
P.O. Box 2000
Milford, Indiana 46542-2000 U.S.A.
Phone 574-658-4191 - Fax 574-658-8000
E-Mail: legal@ctbinc.com - Web: www.ctbinc.com

CTB-1848/201306-MY

A BERKSHIRE HATHAWAY ကုမ္ပဏီ

# CTB အိတ်ဆောင် လုပ်ငန်းကျင့်ဝတ်လမ်းညွှန်



- အလုံးစုံအတွက် ရိုးသားမှု
- သင့်တွင် ရှိသင့်သည့် အရာများ
- တရားနည်းလမ်းမကျ၊ ကျင့်ဝတ်နှင့်မညီသော လုပ်ကိုင်မှုများကို တိုင်ကြားပုံ

## အလုံးစုံအတွက် ရိုးသားမှု

CTB ဝန်ထမ်းအားလုံးနှင့် CTB နှင့် ဆက်စပ်လုပ်ကိုင်နေသူများ (ဝန်ထမ်းများ) သည် အမြင့်ဆုံးသော ဥပဒေတရားနည်းလမ်း၊ ကိုယ်ကျင့်တရား၊ ကျင့်ဝတ်စံများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်။ CTB ၏လုပ်ငန်းအဝဝတို့တွင် အသုံးချလျက်ရှိသော ပြည်နယ်ဥပဒေ၊ အမျိုးသား ဥပဒေ နှင့် နိုင်ငံခြားဥပဒေတို့အပြင် CTB ၏ ပေါ်လစီနှင့် လမ်းစဉ်မူဝါဒများကိုလည်း လိုက်နာရမည်။

ဤလက်ကမ်းစာစောင်သည် CTB လုပ်ငန်းစည်းမျဉ်းနှင့် ကျင့်ဝတ်များ (စည်းမျဉ်းများ) တွင် ဖော်ပြထားသော အချက်များ၏ အကျဉ်းချုပ်ဖြစ်သည်။ ဤလက်ကမ်းစာစောင်သည် စည်းမျဉ်းများအစား အသုံးပြုရန် မဟုတ်ပါ၊ ဝန်ထမ်းများသည် စည်းမျဉ်းများအား ကျွမ်းဝင် သိရှိနေစေရန် လိုအပ်ပြီး မိမိလုပ်ငန်းတာဝန်နှင့် ရာထူးအပေါ်တွင် သက်ရောက်မှုရှိသော လမ်းညွှန်များ၊ မူဝါဒ လုပ်ထုံးလုပ်နည်း စံများနှင့် CTB ၏တန်ဖိုးများကို မြှင့်တင်ရန် လိုအပ်သည်။ စည်းမျဉ်းများအား ဝဘ်ဆိုက်မှ ကူးယူ၍ဖြစ်စေ၊ CTB ဝန်ထမ်းရေးရာဌာနမှဖြစ်စေ ရယူနိုင်သည်။

ဝန်ထမ်းတစ်ဦးသည် တရားနည်းလမ်း မကျသော၊ ကျင့်ဝတ်မညီသော လုပ်ဆောင်မှု တစ်ခုခုကို သိရှိရပါက အမြန်ဆုံးတိုင်ကြားရန် တာဝန်ရှိသည်။



## သင့်တွင်ရှိသင့်သည့် အရာများ

ဝန်ထမ်းတစ်ဦးသည် စည်းမျဉ်းများကို ဖောက်ဖျက်ကြောင်း တွေ့ရှိရပါက ခေါ်ယူဆွေးနွေးခြင်း၊ အလုပ်မှထုတ်ခြင်း၊ စာချုပ်ရပ်စဲခြင်းတို့အပြင် (လိုအပ်ပါက) CTB သို့မဟုတ် အစိုးရနှင့် အခြား အဖွဲ့အစည်းများ၏ တရားစွဲဆိုခြင်းကို ခံရမည်။

အောက်ပါအချက်တို့ကို ***လုံးဝ တားမြစ်ထားသည်***:

- CTB ပိုင်နက်အတွင်း အရက်သေစာနှင့် တရားမဝင်ဆေးများကို သုံးစွဲထားခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း
- ခိုးယူခြင်း၊ အတုအယောင်ဆောင်ခြင်း၊ အလွဲသုံးစားလုပ်ခြင်း၊ CTB ပိုင်အရာများကို မလျော်ကန်စွာ အသုံးပြုခြင်း သို့မဟုတ် သိမ်းပိုက်ခြင်း
- လာဘ်ပေးလာဘ်ယူ ပြုလုပ်ခြင်း
- စာရွက်စာတမ်းအတု ပြုလုပ်ခြင်း
- စာရွက်စာတမ်း ဖျက်ဆီးဖျောက်ဖျက်ခြင်း (CTB မူဝါဒအရ ခွင့်ပြုသောဖျက်ဆီးခြင်းမှအပ)
- လျှို့ဝှက်အချက်အလက်များကို ဖော်ပြခြင်း (တရားဝင် ခွင့်ပြုချက်ဖြင့် ဖော်ပြခြင်းမှ အပ)
- CTB သို့မဟုတ် အခြားတစ်စုံတစ်ဦး ပိုင်ဆိုင်သော အချက်အလက်များကို လွဲမှားစွာ အသုံးပြုခြင်း၊ ဖော်ပြခြင်း၊ ဖြန့်ဝေခြင်း
- လုံခြုံရေးနည်းလမ်းများနှင့် အထောက်အကူ ပစ္စည်းများကို အသုံးပြုရန် ပျက်ကွက်ခြင်း
- တပါးသူကို အနှောက်အယှက်ပေးခြင်း၊ အကြမ်းဖက်ခြင်း
- အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်ဥပဒေ သို့မဟုတ် ဒေသဆိုင်ရာ ဥပဒေအရ ကာကွယ်မှု အောက်တွင်ရှိသောသူများကို ခွဲခြားဆက်ဆံမှုပြုခြင်း
- CTB ၏ ပိုင်ဆိုင်မှု အရင်းအမြစ်များကို လွဲမှားစွာ အသုံးပြုခြင်း၊ အလွဲသုံးစားပြုခြင်း။
- တရားနည်းမကျ မမျှတသော ဦးစားပေးခြင်း
- ယှဉ်ပြိုင်မှု ဥပဒေနှင့် ဆက်စပ်ဥပဒေများကို လိုက်နာမှု မရှိခြင်း
- ရိုးသားဖြောင့်မတ်မှုမရှိခြင်း၊ အချက်အလက်များ အလွဲသုံးစားပြုခြင်း၊ မှားယွင်းသော အချက်အလက်များ ဖော်ပြခြင်း သို့မဟုတ် တရားမျှတမှုမရှိသော ဆောင်ရွက်မှုများ လုပ်ဆောင်ခြင်း။

ဝန်ထမ်းများအားလုံးသည် CTB ၏တန်ဖိုးနှင့် မူဝါဒများကို အချိန်ပြည့်လိုက်နာပြီး တာဝန်ထမ်းဆောင်ရမည်။

## တရားနည်းလမ်းမကျ၊ ကျင့်ဝတ်နှင့်မညီသော ကိစ္စ သာဓကများ

- ဝန်ထမ်းတစ်ဦးသည် တစ်စုံတစ်ယောက်အား ငွေကြေးပေးကမ်းခြင်း (သို့မဟုတ် အခြား အကျိုးအမြတ်တစ်ခုခုပေးခြင်း) ပြုလုပ်ပြီး မမျှတသော လုပ်ငန်းအားသာချက်ရယူခြင်း။
- ဝန်ထမ်းတစ်ဦးသည် CTB ကွန်ရက်ကို အသုံးပြုပြီး မသင့်တော်သော ဝက်ဘ်စာမျက်နှာများ ကြည့်ရှုခြင်း ။
- ဝန်ထမ်းတစ်ဦးသည် CTB အချိန်မှတ် ဇယားတွင် မိမိလုပ်ခဲ့သော အလုပ်ချိန်များကို ပိုမိုကာ မှတ်သားခြင်း ။
- ဝန်ထမ်းတစ်ဦးသည် အခြားတစ်စုံတစ်ယောက်အတွက် လိင်ကွဲပြားမှု သို့မဟုတ် လူမျိုးကွဲပြားမှု အပေါ် အခြေခံ၍ စိတ်အနှောက်အယှက် ဖြစ်စေသော ဟာသ ပြောဆိုခြင်း ။
- ဝန်ထမ်းတစ်ဦးသည် CTB ၏ lock-out/tag-out နည်းလမ်းများကို လိုက်နာမှု မရှိခြင်း။
- ဝန်ထမ်းတစ်ဦးသည် အမေရိကန် ပြည်ထောင်စု၏ ကုန်သွယ်မှု ပိတ်ပင်ခြင်း ဥပဒေကို ဖောက်ဖျက်ပြီး တားမြစ်ထားသော နိုင်ငံသို့ CTB ထွက်ကုန်များ ရောင်းချခြင်း။
- ဝန်ထမ်းတစ်ဦးသည် CTB အသုံးစားရိတ် အစီရင်ခံစာတွင် မိမိ အမှန်တကယ် မဝယ်သော ပစ္စည်းများအား စာရင်းသွင်း တင်ပြခြင်း။
- ဝန်ထမ်းတစ်ဦးသည် CTB ပိုင် ရုံးလုပ်ငန်းသုံး ပစ္စည်းများကို ကိုယ်ရေးကိုယ်တာအတွက် အသုံးပြုရန် အိမ်သို့ ယူဆောင်သွားခြင်း။
- ဝန်ထမ်းတစ်ဦးသည် CTB ကိုယ်စား လုပ်ငန်း ပါဝင်လုပ်ကိုင်ရာတွင် မိမိ၏ မိသားစုကြောင့်ဖြစ်စေ သို့မဟုတ် မိမိ၏ အလုပ်ချိန်ပြင်ပ ကိစ္စရပ်များကြောင့်ဖြစ်စေ မဖွယ်မရာမှုအဖြစ် ပေါ်ထွက်လာခြင်း။
- ဝန်ထမ်းတစ်ဦးသည် တစ်စုံတစ်ယောက်အား ပြုမူပြောဆိုရာတွင် ၎င်းအတွက် ခြိမ်းခြောက်ခံရသကဲ့သို့ ဖြစ်ခြင်း သို့မဟုတ် စိတ်ထိခိုက်စေခြင်း။